
အမ်နိုင်း (oasis)

# ကိုးအေးပေါ်က...မိခင်မေတ္တာ



(တိုးအေးသင်္ဘောနစ်မြုပ်ခဲ့စဉ် အချိန်က အကြောင်းအရာ အချက်အလက်များကို ကြိုးစား ရှာဖွေ ရေးသားထားပါသည် ။ လွဲမှားမှုများ ရှိခဲ့ပါကလည်း နားလည် ခွင့်လွှတ်ပေးကြပါဟု တောင်းဆိုရင်း အားလုံးကို အထူးကျေးဇူးတင်လျက်)

**အမ်နိုင်း (oasis)**

## တိုးအေးပေါ်မှ မိခင်မေတ္တာ

ရန်ကုန်မြို့ ပန်းဆိုးတန်းဆိပ်ကမ်း။

ဆိပ်ကမ်း ဆိုသည့်အတိုင်း သင်္ဘောတွေ ကုန်တင်ကုန်ချ အလုပ်သမားတွေ ခရီးသည် တွေက ပျားပန်းခပ်မျှပင် သွားလာ လှုပ်ရှားလျက်။

ဒလဘက်ကမ်းမှ နေ၍ ရန်ကုန်ဘက်သို့လာ၍ ကျောင်းတက်သူ ကျောင်းပြန်သူ ဈေးရောင်းသူ ဈေးပြန်သူ အလုပ်လုပ်သူ အလုပ်ပြန်သူများ မှာ လည်း နေ့စဉ်နှင့်အမျှ မြင်တွေ့နေရသော ဆိပ်ကမ်း၏ ပုံရိပ်များ ပင်။ စကားသံတွေ ကုန်တင်ကုန်ချ အလုပ်သမားတို့ ၏ ချွေးစက်တွေ အလုပ်က ပြန်လာသူတို့ ရဲ့ အချင်းချင်း စကားပြောရင်း ရယ်မောသံတွေ ညည်းညူသံတွေ ဟာလည်း ထိုဆိပ်ကမ်းရဲ့ သဘာဝအလှ ဘဝသရုပ်ဖော် ပန်းချီကားတစ်ချပ်။

သို့ပေမဲ့ ထိုနေ့ ......။

တိတိကျကျ ပြောရလျှင် ၁၉၇၃ ခုနှစ် ဖေဖော်ဝါရီလ ၂၁ရက်နေ့ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီ ၅၅ မိနစ်မှာ တော့ ထိုဆိတ်ကမ်းရဲ့ ဘဝသရုပ်ဖော် ပန်းချီကားကို ဖျက်ဆီးပစ်မည့် ရင်နင့်ကြေကွဲဖွယ် ဖြေမဆည်နိုင်စရာ ဖြစ်ရပ်တစ်ခု ဖြစ်ပွားခဲ့သည် ဆိုပါလျှင် ...။

၁၉၇၃ ခုနှစ် ဖေဖော်ဝါရီလ ၂၁ရက်နေ့ ။

ထိုနေ့တွင် လည်း ပန်းဆိုးတန်း ဆိပ်ကမ်းရဲ့ မနက်ပိုင်းဟာ ခါတိုင်းနေ့များ နှင့် ထူးခြားမည်မထင်။ ညနေ သုံးနာရီကျော်လောက် မှာ တော့ ရန်ကုန်ကနေ ဒလဘက်ပြန်ဖို့ အတွက် မိသားစုတွေ သားအမိတွေ ကျောင်းသူ ကျောင်းသားတွေ အလုပ်ပြန်သူတွေဟာ တိုးအေးသင်္ဘောကို စကားပြောရင်း ရယ်မောရင်း စနောက်ရင်း စောင့်ဆိုင်းလျက်ရှိနေကြသည် ။

ညနေသုံးနာရီ ဆယ်မိနစ်ခန့်မှာ တော့ သူတို့ မျှော်လင့်စောင့်စားနေကြတဲ့ တိုးအေးသင်္ဘောကြီးဟာ ဆိပ်ကမ်းကို ဆိုက်ရောက်လို့ လာခဲ့လေပြီ။ ဆိပ်ကမ်းကို ဆိုက်ရောက်တာနဲ့ သင်္ဘောဟာ ကမ်းကိုကပ် သင်္ဘောကြိုးချည် ခရီးသည် တွေ အတက်အဆင်း လုပ်ကြအပြီး ၃း၃၀ ခန့် မှာ တော့

''ဘော် ဘူ ဘော် ဘူ'' တိုးအေးသင်္ဘောဟာ လူ၃၀၀ခန့်ကို တင်ဆောင်ကာ ဥသြနှစ်ချက်ဆွဲအပြီး ကမ်းစပ်ကနေ ပြန်လည် ထွက်ခွာခဲ့လေသည် ။ သင်္ဘောပေါ်မှ ခရီးသည် တချို့ကတော့ အိမ်အပြန်လမ်းကို မှန်းဆရင်း စကားတွေ ဖောင်ဖွဲ့လျက်။ မကြာမီ ကြုံတွေ့ရတော့မည့် အဖြစ်ဆိုးကြီးကိုသာ သူတို့ တွေ ကြိုသိနိုင်စွမ်း ရှိခဲ့ကြပါလျှင်...။

သင်္ဘောထွက်ပြီး နှစ်မိနစ်ခန့် အကြာမှာ တော့ ဘုံဘေမာရူး (မာရူဒါ ) ဟု ခေါ်သည့် ဂျပန်ကုန်တင် သင်္ဘောကြီးနှင့် တိုးအေးသင်္ဘော ကန့်လန့် တိုက်မိပါတော့သည် ။ ဖြစ်ပုံမှာ တိုးအေးသင်္ဘောသည် ပန်းဆိုးတန်း ဆိပ်ကမ်းက ခွာခွာခြင်းမှာ ပင် မာလိန်မှူးမှ နောက်ကိုမကြည့်ဘဲ ညာဘက်သို့ ချိုးချ လိုက်လေသည် ။ အကယ်၍ နောက်သို့သာ ကြည့်ခဲ့မိပါလျှင် မာရူဒါ သင်္ဘောကို မြင်မိမှာ အမှန်ပါပေ။

မာရူဒါ ဂျပန်ကုန်တင် သင်္ဘောမှာ လည်း တိုးအေးသင်္ဘော ဆိပ်ကမ်းက မခွာခင်လေးတင် ထွက်လာသောကြောင့် ထွက်ခွာချိန် မကြာသေး။ အခုတော့ နောက်သို့မကြည့်ဘဲ ချိုးချခဲ့သည့် တိုးအေးသင်္ဘောနှင့် မာရူဒါတို့ ပေတစ်ရာခန့်အကွာမှာ ကန့်လန့်ဆိုင် အနေအထားနှင့် ဆုံမိကြလေပြီ။

သင်္ဘောကို နောက်ပြန်ဆုတ်လို့ လည်း မလွတ်နိုင်တော့ဟု ယူဆပြီးသည့် နောက်မှာ တော့ တိုးအေးသင်္ဘောမှာ စက်ရှိန်မြှင့်၍ ကျော်တက်လေတော့သည် ။ သို့ပေမဲ့ ရေတက်ချိန်ဖြစ်၍ ရေစီးကသန် ကြောက်လန့်တကြား ပြေးလွှားနေကြတဲ့ ခရီးသည် တွေကြောင့် သင်္ဘောကမငြိမ် အတတ်နိုင်ဆုံး ကြိုးစားကာ ရှောင်ထွက်ခဲ့ပါ သော်လည်း

''ဝုန်း... ဒုန်း...''

အရှိန်ဖြင့်ရွေ့လာတဲ့ ဘုံဘေမာရူး (မာရူဒါ) ဂျပန် ကုန်တင်သင်္ဘောဟာ တိုးအေးသင်္ဘောကို ကန့်လန့်ဖြတ် အနေအထားဖြင့် တိုက်မိလိုက်ပါတော့သည် ။

''အမလေး ... အမေရေလုပ်ပါဦး''

''ဘုရား ဘုရား ကယ်တော်မူပါ''

''အမလေး လုပ်ကြပါဦး ကယ်ကြပါဦး''

ကမ္ဘာပျက်မျှ ထိတ်လန့်တကြား အော်ဟစ် တမ်းတသံတွေ ကြားက နေပဲ ဘုံဘေမာရှူး( မာရူဒါ) ရဲ့ ထိပ်ဦးပိုင်း ပြာပြာကြီးဟာ တိုးအေးသင်္ဘောရဲ့ ညာဘက်ခရီးသည် အတက်အဆင်း လှေကားနား ကနေပြီး တိုးအေးသင်္ဘော ကိုယ်ထည်ကို ၇ပေ ၈ပေခန့်လောက် ထိုးခွဲ ကာ ဝင်ရောက် လာပါတော့သည် ။

''ပြေး ပြေး ဘယ်ဘက်ကို ပြေးကြဟေ့''

''ကယ်ကြပါ ကယ်ကြပါ'' ကြောက်လန့်တကြား အော်ဟစ်ကာ ဘယ်ဘက်ခြမ်းသို့ ပြေးကြသည့် အခါမှာ တော့ သင်္ဘောဟာ စောင်းကျသွားပြီး ပြုတ်ကျသူအချို့ ပြုတ်ကျကုန်ကြသည် ။ သင်္ဘော နောက်ဘက် ပြေးကာ ခုန်ချသူက ခုန်ချကြသည် ။ တချို့က တိုးအေးသင်္ဘောမှ လည်နေသည့် ပန်ကာဒလက်နှင့် ထိခိုက်မိသူက ထိခိုက်မိကြသည် ။

ဘုံဘေမာရှူးကတော့ တိုက်မိမိချင်းပင် သင်္ဘောကို ကျောက်ဆူးချကာ အသက်ကယ် ဘောတွေ ပျဉ်ပြား အတိုအစတွေ ရေပုံးခွံတွေ ပစ်ချပေးသည် ။ တချို့က ထိုရေပုံးများ ဘောများကိုဖက်၍ ခို၍ ကူးကြသည် ။ သို့သော် ယောကျ်ားလေး အများ စုသာ အသက်လု နိုင်ခဲ့ကြပေသည် ။

အဖြစ်အပျက်များကား မြန်ဆန်လွန်း လှပေသည် ။ အချိန် ၅ မိနစ် အတွင်းမှာ ပင် ရန်ကုန်မြစ်ကြီးဟာ တိုးအေးသင်္ဘောနှင့်တကွ သင်္ဘောပါ ခရီးသည် များအား ရေအောက်သို့ ဆွဲချခေါ်ဆောင် သွားခဲ့လေတော့သည် ။ တချို့က သင်္ဘောပေါ်မှ ပင် မထွက်နိုင်ခဲ့ကြရှာပေ။ ဒီလောက် အချိန်တိုလေးအတွင်းမှာ အဘယ်သို့ လွတ်အောင်ပြေးနိုင်ခဲ့ပါမည်နည်း ။

မကြာသေးမီကပင် သက်ဝင်လှုပ်ရှား လှုပခဲ့သော ပန်းဆိုးတန်း ဆိပ်ကမ်းလေးမှာ ယခုအခါမှာ တော့ ကူပါ ကယ်ပါ အော်သံ ဟစ်သံ ငိုသည်းသံတွေ ကြားမှာ ကမ္ဘာပျက်မျှ ကြုံတွေ့နေရလေပြီ။ ကူးတို့ လှေတွေ ကူးတို့ သမ္ဗန်တွေ လာကယ်ကြတာကြောင့် တချို့မှာ အသက်ချမ်းသာရာ ရခဲ့သော်လည်း အများ စုကတော့ ရန်ကုန်မြစ်ကြီး၏ ဝါးမျိုခြင်းကို ခံခဲ့ကြရလေသည် ။ ခန့်မှန်းခြေ လူ၃၀၀ခန့်ဟု သာ ပြောနိုင်သဖြင့် သေဆုံးသူဦးရေကိုလည်း တိတိကျကျ မပြောနိုင်ခဲ့ကြပေ။

ဖေဖော်ဝါရီလ ၂၇ရက်နေ့မှာ တော့ ဒလသဘော်ကျင်းရှေ့က ဝတီးသဘော်ပေါ်မှာ သံဃာ ၁၅ပါးကိုပင့်ဖိတ်ကာ ဆွမ်းကျွေးပြီး အသက် ဆုံးရှုံးခဲ့ရသူတွေအတွက် အမျှဝေပေးခဲ့ပါသည် ။ တစ်ဆက်တည်းမှာ ပင်ထိုနေ့ညနေ ၅နာရီခွဲအချိန်မှာ လည်း အသက် ဆုံးရှုံးခဲ့ရသူတွေ အတွက် မေတ္တာပို့ အမျှဝေပြီး ပရိတ်ရွတ်ပွဲ အခမ်းအနားကို ပန်းဆိုးတန်း ကျန်းမာရေး ဘောတံတားပေါ်မှာ ပြုလုပ်ပေးခဲ့ပြီး မြစ်ရိုးတစ်လျှောက် မေတ္တာရေသွန်းလောင်း ဆုတောင်း ပေးခဲ့ကြပါသည် ။ ဆရာတော် ဘုရားများ ၏ မေတ္တာရေချမ်းနှင့်အတူ ကျန်ရစ်သူ မိသားစုများ ၏ မျက်ရည်စက်များက ရန်ကုန်မြစ်တစ်လျှောက် စီးဝင်လျက်။

သေဆုံးသူတွေရဲ့ ခန္ဓာကိုယ်တွေကို ရက်တွေ အကြာကြီး ဆက်ကာရှာဖွေရေးတွေ လုပ်ခဲ့ကြရသည် ။ ၁၅ရက်ခန့်အကြာ တိုးအေးသဘော်အား ရေအောက်က ပြန်ဖော်အပြီးမှာ တော့ တစ်နိုင်ငံလုံး စိတ်အထိခိုက်ရဆုံး မျက်ရည် မဆည်နိုင်စွာ မြင်တွေ့ခဲ့ရသည့် ဖြစ်ရပ်တစ်ခုကတော့ တိုးအေးသဘော်၏ သံဇကာကို မြဲမြဲဆုပ်ကိုင်ရင်း ရင်ခွင်ထဲရှိ ကလေးငယ်အား ပိုက်ကာ သေဆုံးနေသည့် အမျိုးသမီးနှင့် ကလေးရုပ်အလောင်း နှစ်ခုပါပေ။ ရေပိုး ရေမွှား တိုက်စားထားသည့် ခန္ဓာကိုယ်မှာ အရိုးစုမျှပင် ကြွင်းကျန် နေခဲ့သော်လည်း ရင်ခွင်ထဲရှိ ကလေးငယ်အား တ

င်းတင်းကျပ်ကျပ် ပိုက်ထွေးလျက်သားပင်။ မိခင်မေတ္တာ ကြီးမားလွန်းလှ ပေစွပါတကား။

ထိုအကြောင်းကိုလည်း ကဗျာဆရာ သမိန်သောင်းက စိတ်မကောင်းခြင်း ကြီးစွာဖြင့် ၁၉၇၃ ခုနှစ် မေလထုတ် ငွေတာရီမဂ္ဂဇင်းမှာ ''တိုးအေးပေါ်မှ အိုမိခင်'' ဟု ဂုဏ်ပြု ရေးဖွဲ့ခဲ့လေသည် ။

တိုးအေးသင်္ဘောအား ၁၉၅၅ က ဂျပန်နိုင်ငံတွင် တည်ဆောက်ခဲ့ပြီး ၃၁.၁.၅၆ မှာ စတင် အသုံးပြုခဲ့ကာ စ၍ သုံးစဉ်က ရန်ကုန် တွံတေး ခရီးသည် ပို့ဆောင်ရေးအတွက်သာ သုံးခဲ့ပြီး ၁၉၇၂ ဒီဇင်ဘာလ ရောက်မှ သာ ရန်ကုန် ဒလ ခရီးစဉ်အတွက် သုံးခဲ့ခြင်းပင်။

ထိုအချိန်က မတော်တဆမှုကြောင့် တိုးအေးသင်္ဘောကို စစ်ဆေးခဲ့ရာတွင် လည်း ချို့ယွင်းချက် မရှိခဲ့ပေ။ သို့ပါသော်လည်း ဖြစ်ပြန် ပျက်ပြန် လောကဓံအား ရင်ဆိုင်အန်တုရ၍ မရခဲ့ပါချေ။

ဂျပန်သင်္ဘော ကုမ္ပဏီကတော့ သေဆုံးသူတွေနဲ့ ထိခိုက်ဒဏ်ရာ ရသူတွေအတွက် ကူညီထောက်ပံ့ငွေ ဒေါ်လာ ၂သောင်းနဲ့ မြန်မာငွေ ၄၈ ၀၃၈ ကျပ်တန် ချက် လက်မှတ် တစ်စောင်ကို မြန်မာနိုင်ငံ ကြက်ခြေနီ အသင်းထံ ပေးအပ်ခဲ့ပြီး သက်ဆိုင်ရာ တာဝန်ရှိသူတွေကလည်း ကျန်ရစ်သူ မိသားစုဝင်တွေထံသို့ ၃၈၀ ကျပ် ၅၀ ပြား ပေးခဲ့ပါသည် ။

ယခုဆိုလျှင် ထိုကြေကွဲဖွယ်ရာ အဖြစ်ဆိုးကြီး ကြုံတွေ့ခဲ့ရသည် မှာ ၄၄နှစ်ပင် ရှိခဲ့ချေပြီ။ ရင်ဆိုင် ကြုံတွေ့ခဲ့ရသူများ ကျန်ရစ်သူ မိသားစုဝင်များကတော့ မနေ့တစ်နေ့က ကဲ့သို့ပင် မေ့နိုင်မည် မထင်ပါချေ။ တာဝန်ရှိသူများ ၏ ပေါ့ဆမှု တာဝန်မဲ့မှုများကြောင့် မိသားစုများ ပြိုကွဲကာ အသက်တွေ စတေးခဲ့ကြရသည့် အဖြစ်ဆိုးများ နောက်ဘယ်သောအခါမျှ မကြုံတွေ့ ကြပါစေနှင့်တော့ဟု ဆုတောင်းရင်း ဖတ်မိလေတိုင်း မျက်ရ

ည်ဝိုင်းခဲ့ရသည့်  ကဗျာဆရာ သမိန်သောင်း၏ ''တိုးအေးပေါ်မှ  အိုမိခင် '' ကဗျာလေးဖြင့် ကမ္ဘာပေါ်ရှိ အမေများ အားလုံးကို ဦးညွှတ် ဂါရဝပြုလိုက်ပါသည် ။